စိုးမိုးစာပေ

# ဆုကလေးနှပါ

ပကာတိဇော်အောင်

ရန်ကုန်တက္ကသိုလ်

Digital Art : Idea Kyaw & Mg Kyaw Oo

(၁)

"ကလင် ကလင်"

အိမ်ရှေ့ဆီမှ ခေါင်းလောင်းသံကြားသဖြင့် ကိုအောင်မင်းက ရေချိုးခန်းထဲက ထွက်လာစ ဆံပင်ရေစိုတွေကို အဖြူရောင်သဘက် တစ်ထည်နှင့် ရေစင်အောင် သေချာပွတ်တိုက်နေရင်းက ဂရန်တာသို့ ထွက်လာပါသည်။

မနက်စောစောစီးစီး ခေါင်းလောင်းကြိုးကို ဆွဲသူမှာ တခြားမဟုတ်ပါ။ သတင်းစာပို့သမား။ စက်ဘီးကထွက်သွားပြီ။

ကိုအောင်မင်းက ခေါင်းလောင်းကြိုးကို ဆွဲတင်ပြီး ကလစ်နှင့်ညှပ်ပြီး ချိတ်ထားတဲ့ သတင်းစာကို ဖြုတ်လိုက်ပါသည်။

မြို့ထဲမသွားခင် သတင်းစာ အရင်ဖတ်ရတာ ပေါ့။

အဝတ်အစားပင်မလဲဘဲ ဒီအတိုင်း ရေလဲပုဆိုးဖြင့်ပင် ကုလားထိုင်မှာ အကျအနထိုင်ပြီး သတင်းစာကို ဖြန့်ဖတ်နေလိုက်ပါသည်။

ရှေ့ကနေ ခေါင်းစဉ်တွေ တစ်ခုပြီးတစ်ခု ဖတ်သွားလိုက်တာ ကြော်ငြာစာမျက်နှာသို့ အရောက်မှာ သူ မျက်ခုံးပင့်သွားရသည်။

"မင်္ဂလာဆည့်ခံပွဲ ဖျက်သိမ်းခြင်း"

ဟောဗျာ . . .

လက်ထပ်ပွဲတွေ၊ စေ့စပ်ပွဲတွေ ကျေးဇူးတင်လွှာ အမျိုးမျိုးတွေကြားမှာ ဖျက်သိမ်းခြင်းကလည်း ခေါင်းစည်းကြီးကြီးဖြင့် ပါလာပါသေး၏ ။

ကိုအောင်မင်းက အသေးစိတ် ဆက်ဖတ်လိုက်ပါသည်။

သူနှင့်ဆိုင်ဆိုင် မဆိုင်ဆိုင် မင်္ဂလာဆောင်ဖို့ ပြင်ဆင်ပြီးမှ ဘာကြောင့် ဖျက်သိမ်းရတာ လဲ သူသိချင်သည်။

စိတ်လည်းဝင်စားသွားမိ၏ ။

ကျွန်မ ကျော်ဇာခြည်နှင့် မောင်ရေတံခွန်တို့၏ ( . . . ) နေ့တွင် ဆီဒိုးနားဟိုတယ်၌ ကျင်းပမည့် မင်္ဂလာပွဲကို အကြောင်းမညီညွတ်ပါသဖြင့် ကျွန်မ၏ သဘောဆန္ဒနှင့် လုံးဝဖျက်သိမ်းလိုက်ပါသည်။ ဤကိစ္စအတွက် ဖိတ်ကြားထားသော ဧည့်ပရိသတ်အပေါင်းအား အနူးအညွတ် တောင်းပန်အပ်ပါသည်။

ဤသို့ပွဲဖျက်ရခြင်းမှာလည်း မောင်ရေတံခွန်ဘက်မှ အမှားအပြစ်ဟု မထင်စေချင်ပါ။ သူ့ထံတွင် အလွန်ချစ်မြတ်နိုးရသော “စောင်းသံချို” ဆိုသည့် ချစ်သူရှိပြီးဖြစ်၍ သူတို့နှစ်ဦး၏ ပကတိတောအုပ် အမည်ရှိ အပျော်စီးသင်္ဘောဖြင့် အတူထွက်ခွာသွားမှုအား ကျွန်မက ကြည်ဖြူစွာ ခွင့်လွှတ်ပါသည်။ ကျန်အဖြစ်အပျက်အား အသေးစိတ်သိလိုပါက စုံစမ်းမေးမြန်းနိုင်ပါသည်။

မကျော်ဇာခြည် Tel: (09.515 . . . .)

“ကဲ ကိုအောင်မင်းရေ ရှင်က ဘယ်ရောက်သွားပြန်ပြီလဲ၊ ခုနတော့ ဗိုက်ဆာတယ်ချည်း အော်နေပြီးတော့၊ တကတည်းဒီမှာ ထမင်းကြော်လည်းရပြီ၊ လက်ဖက်ရည်ကျကျလည်း ရှင့်အကြိုက် ဖျော်ပြီးပြီ၊ လာစားလှည့်”

“နေပါဦး မိန်းမရာ၊ ဒီမှာ ကြော်ငြာတစ်ခုပါလာလို့ကွ”

ကိုအောင်မင်း၏ မိန်းမက အိမ်ရှေ့ဧည့်ခန်းသို့ ထွက်လာပြီး . . .

“ဘာကြော်ငြာတွေ အရေးကြီးနေသတုံး”

“ဟိုဟာလေကွာ ကျော်ဇာခြည်ဆိုတာ”

“ဘယ်က ကျော်ဇာခြည်လဲ”

ခင်ပွန်းဖြစ်သူနှုတ်က မိန်းမတစ်ယောက်ရဲ့အမည် ထွက်ပေါ်လာသဖြင့် သူမက မျက်မှောင်ကုပ်၍ ကြည့်လိုက်သည်။

"ဦးကျော်အာကာရဲ့သမီးလေကွာ၊ ဦးကျော်အာကာဆိုတာ ညီညီတို့ရဲ့ ကုမ္ပဏီပိုင်ရှင် သူဌေး"

"အဲဒါ ဘာဖြစ်တုန်း"

သူမက သိပ်စိတ်မရှည်။

"ညီညီနဲ့ ငါနဲ့ မနေ့ကပဲ လက်ဖွဲ့အတူတူသွားဝယ်ကြတာ၊ ဒီနေ့ မင်္ဂလာပွဲ ဖျက်သိမ်းတယ်တဲ့"

"ဟုတ်လား သူ့အကြောင်းနဲ့သူတော့ ရှိမှာပေါ့"

"ဒီမှာ လာဖတ်ကြည့်စမ်း မိန်းမ"

ကိုအောင်မင်းက ဇနီးသည်ကို ကြော်ငြာကွက်အား လက်ထောက်ပြလိုက်၏။ မိန်းမက အသာငုံ့ဖတ်လိုက်ပြီးလျှင် . . .

"ဖျက်တယ်ဆိုတော့လည်း မင်္ဂလာပွဲမတက်ရုံပေါ့"

"စုံစမ်းမေးမြန်းနိုင်ပါသည်တဲ့"

"ရှင်နော် သူများအကြောင်းဆို တော်တော်စိတ်ဝင်စားတယ်၊ ကဲ လာစမ်းပါ၊ ဟိုမှာ ရှင့်လက်ဖက်ရည်အေးပြီ"

"နေစမ်းပါဦး မိန်းမရ၊ ငါ ဖုန်းတစ်ချက်ဆက်ကြည့်လိုက်မယ်"

"အိုတော် စပ်စပ်စုစု၊ ဘာလုပ်ဖို့တုန်း"

မိန်းမက မျက်စောင်းခဲလိုက်သည်။ လင်တော်မောင်ဟာ ဘာကိစ္စပဲဖြစ်ဖြစ် သူပါဝင်စပ်စုဖို့ ဝန်မလေး။

အခုလည်း ပါလာတဲ့ကြော်ငြာတစ်ခုကို မနေနိုင် မထိုင်နိုင်

စေ့စေ့စပ်စပ်ဖတ်ကြည့်မယ်”

သူနှင့်လည်း ဘာမှမဆိုင်ဘဲနှင့်။

ကျော်ဇောခြည်ဆိုတဲ့ မိန်းကလေးကလည်း အံ့သြစရာပဲ။ သူ့အရုပ်ထုပ်ကို ဇာတ်လမ်းပမာ ကြော်ငြာနေသေးသည်။

တကယ်ဆို သူရေးထားပုံက လက်ထပ်ခါနီး မှ သူ့သတို့သားပျောက်သွားပြီး တခြားတစ်ယောက် လက်ထပ်ပါသွားတဲ့ အဖြစ်မျိုး။

ဒါပဲကို ဂမ်းပန်းတသာနဲ့ စုံစမ်းမေးမြန်းနိုင်ပါသည်တဲ့။

အမှန်ဆို . . .

“စုံစမ်းမေးမြန်းခြင်းသီးခံပါ” လို့သာ ပါသင့်တာ။ အခုတော့ ပြောင်းပြန်။

လင်တော်မောင်ကလည်း ချက်ချင်းလက်ငင်း ဖုန်းထဆက်ဖို့ တကဲကဲ . ..

“ရှင်နော်၊ မဆီမဆိုင် ဟွန်း”

ကိုအောင်မင်းက ရယ်ကျဲကျဲဖြင့် . . .

“မဆီမဆိုင်တော့ ဘယ်ဟုတ်မလဲကွာ၊ ဒါလည်း ငါ့အတွက် ဇာတ်လမ်းတစ်ပုဒ်တော့ ဖြစ်နိုင်တာပဲ”

မိန်းမဖြစ်သူ နှုတ်ပိတ်သွားအောင် သင်းက အကြောင်းပြ၏ ။ ကိုအောင်မင်းက သူမနှင့် ယူစကတည်းက အနုပညာဝါသနာပါပြီး စာတိုပေစလေးတွေ ရေးလာရာက အခုတော့ လုံးချင်းဝတ္ထုလိုင်းဖက်ပင် ရောက်နေပြီမဟုတ်လား။

“ဘာပဲဖြစ်ဖြစ် ငါသိရအောင် မေးကြည့်လိုက်မယ်”

ပြောပြောဆိုဆို ဖုန်းနံပါတ်ကို အလျင်စလို ကောက်နှိပ်လိုက်တဲ့ ကိုအောင်မင်းကို ဇနီးသည်မှာ ဘာမှမပြောသာဘဲ ကြည့်နေရ၏ ။

ကိုအောင်မင်းက လက်မထပ်ဖြစ်တဲ့ သတို့သမီးလောင်း ကျော်ဇာခြည်ရဲ့ လက်ကိုင်ဖုန်းကို ခေါ်လိုက်သည်။

ကံကောင်းချင်တော့ ဖုန်းက တစ်ချက်တည်းနှင့် ဝင်သွားပါသည်။

"ဟဲလို"

"အစ်မက ကျော်ဇာခြည်လား ခင်ဗျာ"

"ဟုတ်ပါတယ်"

"ဟိုဟာလေ ဒီနေ့သတင်းစာထဲမှာ ပါလာတဲ့ကိစ္စ"

"ရှင်က ဘာသိချင်လို့လဲ"

"ကျွန်တော်က အစကနေအဆုံး အကုန်လုံးသိချင်တယ်"

"အကုန်လုံး ရှင်မေးလေ၊ ရှင်မေးသမျှ ကျွန်မဖြေမယ်၊ ဘာမှလည်း ညာစရာမလိုဘူး"

"အားတော့နာတယ်ဗျာ၊ မကျော်ဇာခြည်အတွက်လည်း စိတ်မကောင်းပါဘူး ဒါပေမဲ့"

"အမယ်လေး စိတ်မကောင်းမဖြစ်ပါနဲ့၊ လက်ထပ်ပြီးမှဆို ပိုဆိုးမှာပေါ့၊ အခု လက်မထပ်ခင် ဖျက်သိမ်းလိုက်တော့ ကျွန်မအတွက် ဘာမှမနစ်နာဘူး၊ သူလည်း သူ့ချစ်သူနဲ့ အဆင်ပြေသွားတာပေါ့ရှင်၊ မဟုတ်ဘူးလား"

ကြားရသောအသံလေးမှာ အတော်ပင် သဘောကောင်း ပွင့်လင်းသူမှန်း သိသာပါသည်။ အသံက ချိုအေးအေး။ ကိုအောင်မင်းသည် ညီညီဘော့စ်ရဲ့ သမီးကို မြင်ဖူးသူတော့ မဟုတ်ပါ။

မြန်မာပြည်မှာ အတော်ချမ်းသာတဲ့ သူဌေးစာရင်းဝင်ဆိုတာလောက်သာသိသည်။

ဦးကျော်အာကာရဲ့ တစ်ဦးတည်းသောသမီး ကျော်ဇာခြည်က သူတို့ရဲ့ အဖြစ်အပျက်တို့ကို အသေးစိတ်ပြောပြခဲ့ပါသည်။

ဤသည်ကပင် စာရေးဆရာ ကိုအောင်မင်း၏ “ပကတိတောအုပ်” ဆိုသော ဝတ္ထုတစ်ပုဒ် ဖြစ်လာခဲ့လေတော့သည်။

× × ×

(၂)

အဖြူပေါ် မရမ်းရောင်ဘေးလိုင်းပါသော အသားပျော့ပျော့ဘောင်းဘီရှည်အကပ်လေးနှင့် မရမ်းရောင် တီရှပ်ကိုယ်ကြပ်လက်ပြတ်လေးကို ဝတ်ဆင်ကာ ဝေါလ်ကင်းရှူးအဖြူနှင့် ပြိုင်ဘီးကို တအားကုန်နင်းလာသော မိန်းကလေးတစ်ယောက်။

သူမက ပြည်လမ်းအတိုင်း စီးနင်းလာတာဖြစ်သည်။ မနက်ခင်းစောစောမို့ လမ်းမှာ ကားအသွားအလာ အတော်ရှင်းလင်းကျဲပါးတဲ့ အချိန်လည်းဖြစ်သည်။

အဖျားခွေထားသော ဆံနွယ်မဟော်ဂနီရောင်လေးကို ခပ်မြင့်မြင့်စုစည်းကာ ပိုနီတေးချည်နှောင်ထား၏ ။ ကကြီးပုံဆန်ဆန် နဖူးပြေပြေနှင့် သူမမျက်နှာလေးက အတော်ကဗျာဆန်သည်။ နှာတံလုံးလုံးစင်းစင်း၊ မေးသွယ်ချွန်ချွန် ပါးမို့မို့နှင့် ပင်ကိုယ်နီရောင်သန်းသော အသည်းပုံဖြစ်နေသည့် နှုတ်ခမ်းထူလေးမှာ လက်ရာမြောက်သော ပန်းပုဆရာရဲ့ ထူးခြားဆန်းကြယ်သည့် နှုတ်ခမ်းလေးမျိုးဖြစ်နေရာ ထိုနှုတ်ခမ်းက သူမမျက်နှာပေါ်မှာ ဆွဲဆောင်မှုအရှိဆုံးဖြစ်နေပါသည်။

ဒုတိယဆွဲဆောင်နိုင်တာတော့ စိန်ပွင့်လေးလို တစ်ဖျပ်ဖျပ်ခါနေတဲ့ သူမရဲ့ ကြည်လင်စူးရှတဲ့ မျက်ဝန်းဝိုင်းဝိုင်းလေးပါ။

သူမက စောင်းသံချို။

ရှည်လျားမြင့်မားသောအရပ်နှင့် သွယ်လျပြေပြစ်သော အချိုးအဆက်ကျကျ ခန္ဓာကိုယ်လေးကိုလည်း ပိုင်ဆိုင်သည်။

ပြောရမည်ဆိုလျှင် အပြစ်ပြောစရာမရှိအောင် စင်းလုံးချော လှပကြည့်ကောင်းသူလေးပါ။

နဖူးမှာ ချွေးစလေးတွေ စို့စွတ်နေအောင်ပင် သူမက စက်ဘီးကို တအားဖိနင်းလာခဲ့သည်။

အမြန်မနင်းလို့လည်း မရဘူးလေ။

ရှေ့ကသွားနေတဲ့ ရေတံခွန်တို့အိမ်က ကော်ရိုလာဗင် ဖင်ကောက်အဖြူလေးကို မီချင်သည်။ မီအောင်လည်း လိုက်လာခဲ့တာပဲ။

ရေတံခွန်စုတ်။

စောင်းသံကိုတောင် နှုတ်မဆက်ဘူး ကြည့်။

ကားကို ဘယ်သူမောင်းသလဲ မသိရပေမဲ့ ထိုကားထဲမှာ ရေတံခွန်ပါတာတော့ သေချာသည်။

စောင်းသံသည် ရေတံခွန် လေယာဉ်ပေါ်တက်မသွားခင် သူ့မျက်နှာကို တွေ့လိုသေးသည်။ သူနှင့် ခဏတဖြုတ် စကားပြောချင်သေးသည်။

စင်ကာပူမှာ ကျောင်းသွားတက်နေတဲ့ ရေတံခွန် ရန်ကုန်ပြန်ရောက်တုန်းမှာ သူမက အရေးမထား ဂရုမစိုက်သလို နေပြခဲ့ပေမဲ့ သူ တိတ်တဆိတ်ပြန်သွားမှာစိုးသည်။ အခုကတည်းက လွမ်းချင်သည်။

ရေတံခွန်ရယ်။

နင်ဟာ အမောမပြေစေတဲ့အပြင် စောင်းသံကို အမြဲရင်မောစေပါလား။

တဖြည်းဖြည်းနှင့် ကားကိုမီတော့မည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အဝင်လမ်းသို့ မရောက်ခင်မှာပဲ သူမက ရှေ့က ဗင်ဖင်ကောက်နံဘေး ကပ်နိုင်ခဲ့သည်။

"ရေတံခွန်၊ ဟေ့ ရေတံခွန်"

သူမခေါ်သံကို အနည်းငယ်ဟထားတဲ့ မှန်ပြတင်းကနေ သူကြားသွားပုံရသည်။ ကားကို အရှိန်လျှော့ပြီး ဒီဘက်ကိုကြည့်သည်။

ထို့နောက် ကားကို လမ်းဘေးတစ်နေရာမှာ ရပ်လိုက်၏။ စောင်းသံချိုကလည်း စက်ဘီးပေါ်ကနေ ဖျတ်ခနဲ အသာခုန်ဆင်းလိုက်၏။

"စောင်းသံ ဘယ်လိုဖြစ်တာလဲဟာ"

"နင့်နောက် အမီလိုက်လာတာ"

စောင်းသံချိုက ချွေးလေးတွေသုတ်လိုက်ရင်း အပြုံးမပျက် မျက်နှာနှင့်ဆိုသည်။ ရေတံခွန်က သူမကို မျက်မှောင်ကုပ်ကုပ်နှင့် နားမလည်နိုင်သလိုကြည့်နေ၏။

"နင်ကမှ ငါ့ကို နှုတ်မဆက်တာ၊ နင် လေဆိပ်ဆင်းသွားပြီဆိုလို့ စောင်းသံလိုက်ခဲ့တာ"

"ဟောဗျာ ဖြစ်ရမယ်၊ ငါ လေဆိပ်ဆင်းပြီလို့ ဘယ်သူပြောတာလဲ၊ ဒေါ်အုန်းကြိုင်လား"

"အေးပေါ့"

"လေဆိပ်ဆင်းတဲ့သူက တစ်ယောက်တည်း ကားမောင်းလာမလားဟ၊ တော်တော်ပိန်းတဲ့ ကလေးမပဲ"

သူမ ရေတံခွန်တို့ အိမ်ဖုန်းဆက်တော့ အိမ်က ဒေါ်အုန်းကြိုင်ကြီးက လေဆိပ်ဆင်းပြီ ပြောတာပဲလေ။

အဲဒါကြောင့် အချိန်မမီမှာစိုးပြီး ကမန်းကတန်း လာနှုတ်ဆက်တာပေါ့။ အခုတော့ သူက ရယ်ကျဲကျဲနှင့်။

"ငါ့သူငယ်ချင်း ဘန်ကောက်ကနေ လာမယ်ဆိုလို့ လာကြိုတာပါဟာ၊ ငါ စင်ကာပူ မပြန်သေးဘူး၊ ဒီလကုန်လောက်မှပြန်မှာ၊ ဘာလဲ ငါပြန်ပြီလို့ နင်ကထင်လို့လား"

စောင်းသံချိုမှာ သူ့စကားကြောင့် ရှက်ရှက်နှင့် ခေါင်းညိတ်ရခက်နေ၏။

"နင် ဒီလောက် ဂရုစိုက်မယ်လို့တောင် ငါမထင်ဘူးစောင်းသံရာ"

"အံမယ် ဂရုစိုက်တာမဟုတ်ပါဘူး၊ သူငယ်ချင်းဝတ္တရားရှိလို့ နှုတ်ဆက်မလို့ပါ၊ လမ်းကလည်း ကြုံနေလို့"

အရှက်ပြေ ဖြေရှင်းစကားဆိုမိသည်။

စတိုင်လ်ပင်နီ ဇီးညိုရောင်နှင့် အကျီအဖြူဆွတ်ဆွတ်ကို လက်ရှည်ချဝတ်ထားသော သူ့ပုံစံက ရှင်းသန့်သားနားပြီး ညို့ငင်အားရှိနေသည်။ ရုပ်ဖြောင့်တယ် စတိုင်လ်ရှိတယ်ဆိုတာထက် သူ့မျက်နှာချိုချိုက ပိုဆွဲဆောင်မှုရှိတာပါ။

"အခုတွေ့ပြီဆိုတော့ လာ၊ ငါနဲ့လိုက်ခဲ့၊ လေဆိပ်မှာ ဟိုကောင့်ကို သွားစောင့်ဖို့ အဖော်ရပြီ"

"နင့်သူငယ်ချင်းက ဘယ်အချိန်ရောက်မှာလဲ"

"ခုနစ်နာရီခွဲလောက်လို့ ပြောတာပဲ"

"ဒါဆိုလည်း သွားကြမယ်လေ"

ရေတံခွန်က ကားပေါ်ပြန်တက်။ စောင်းသံက စက်ဘီးအပေါ်တက်ပြီး လေဆိပ်ရှိရာလာခဲ့ကြသည်။ လေဆိပ်ရောက်တော့ အပြင်ဖက်က ကားစတန်းမှာ ကားကိုရပ်ခဲ့ပြီး ရေတံခွန်နှင့်စောင်းသံက ပြင်ပဆိုက်ရောက် (ARRIVAL) အဆောက်အဦးရှိရာ အတူတူ လျှောက်လာကြ၏။

"စောင်းသံ"

သူက စောင်းငဲ့ကြည့်ပြီးခေါ်သည်။

"နင်ကအခုလိုကျတော့ ရှာရာဗိုဇာနဲ့ တူသလိုလိုပဲ"

"သွား လာမနှောက်နဲ့"

"တကယ်မိုက်လို့ပြောတာပါ"

"မတူချင်ပါဘူး၊ စောင်းသံက စောင်းသံနဲ့ပဲတူချင်တာ"

"အောင်မာ တင်းနစ်မယ် ရှာရာဗိုဇာဆိုတာ လူတိုင်းကြိုက်ကြတာ"

"ငါက လူတိုင်းကြိုက်တာကိုမှ မလိုချင်တာ"

"မိန်းကလေးဆိုတာ လူကြိုက်များတော့ ရွေးချယ်တဲ့ ယောကျ်ားကို ကိုယ်က ခေါင်းခေါက်ရွေးလို့ရတာ ပေါ့"

"ရွေးလည်းမရွေးဘူး၊ နေပစေ"

"နင့်အမေက ငါ့ကို အပ်ထားတာနော်၊ သားသူငယ်ချင်းထဲမှာ ကောင်းကောင်းလေးရှိရင် ရှာပေးပါတဲ့"

"အပိုတွေမပြောနဲ့"

အမေက တကယ်ပဲ သူ့ကိုအပ်နှံရှာဖွေခိုင်းတာ အမှန်ပေမဲ့ ထိုစကားကို သူ့ ခေါင်းထဲထည့်ထားတာက အမြင်ကတ်စရာ။

စောင်းသံမျက်နှာလေးမှာ ရှုံ့မဲ့သွားရ၏။

သူ့ကိုပဲ လူကြီးလူကောင်းလုပ် အပ်နှံရဦးမယ်။ အမေတို့က ဆိုးတာ။ ဘာမှန်းလည်း မသိပါဘူး။

"ငါ စင်ကာပူမှာ နှစ်ယောက်တွေ့ထားတယ်၊ ဒီကနေ ကျောင်းလာတတ်ကြတာပဲ၊ နင် စိတ်ဝင်စားရင် ဂွိုင်းပေးမယ် ဘယ်လိုလဲ"

"စိတ်မဝင်စားဘူး လုံးဝပဲ၊ ကဲ စကားသိပ်ရှည်မနေနဲ့၊ ဘယ်အချိန် လေယာဉ်ဝင်မှာလဲ သွားကြည့်ဦးလေ"

စောင်းသံရဲ့ တိုက်တွန်းစကားကြောင့် ကြော်ငြာဘုတ်မှာ လေယာဉ်ဝင်မည့်အချိန်တွေ စာတမ်းထွက်ထွက်လာတာ ကိုသွားဖတ်ကြည့်သည်။

ပြီးလျှင် ကျွတ်ခနဲ ရေရွတ်ပြန်လှည့်လာပြီး . . .

"အချိန်မှားနေတာ စောင်းသံရဲ့၊ လေယာဉ်က ဆယ်နာရီခွဲမှဝင်မှာ"

"ဟင် ဆယ်နာရီခွဲထိအောင် စောင့်ရမှာလား"

လေဆိပ်အဆောက်အဦးထဲမှာတော့ ကြိုဆိုစောင့်ဆိုင်းသူတွေနှင့် စည်ကားစိုပြေနေပါသည်။

"အပြင်ခဏပြန်ထွက်ကြမယ်၊ ဗိုက်ဆာပြီကွာ၊ စောင်းသံရော ဘာစားခဲ့လဲ"

"အစောကြီးထွက်လာတော့ မစားခဲ့ပါဘူး"

"ဒါဆို ငါတို့ဘရိတ်ဖတ်စ် သွားစားရအောင်"

ဗမ်းထဲဟာနေပြီမို့ ရေတံခွန်အကြံကို သူမလည်း သဘောကျသွားသည်။ နဂိုကတော့ စက်ဘီးတစ်ပတ်စီးပြီး အိမ်ကိုပြန်ဝင်မှ အမေစီစဉ်ပေးတဲ့ မနက်စာကို စားလိုက်တာပါပဲ။

ဒီမနက်တော့ ရေတံခွန် လေဆိပ်ဆင်းပြီဆိုလို့ နှုတ်မဆက်ရမှာ စိတ်ပူပြီး အမောတကောလိုက်ခဲ့ရတာ မို့ ဆာလောင်ရကောင်းမှန်းလည်း သတိမရခဲ့။

သူပြောမှပဲ ဗိုက်ဆာနေပြီဆိုတာ သတိထားမိသွားတာ။

"ဘယ်ဆိုင်သွားမလဲ"

“နီးနီးနားနားပဲ ကောင်းတာပေါ့၊ ဒီကိုပြန်လာရဦးမယ့်ဥစ္စာ”

“ငါက မုန့်ဟင်းခါးကောင်းကောင်းစားချင်တာ၊ ဟင်းရည်ပူပူထဲကို အကြော်အစုံနဲ့ နံနံပင်တွေညှပ်ထည့်ပြီးတော့”

ရေတံခွန်က အားပါးတရပြောသည်။ သူက မုန့်ဟင်းခါးကြိုက်တဲ့သူလေ။

အမေက အိမ်မှာ မုန့်ဟင်းခါးတို့၊ ရွှေတောင်ခေါက်ဆွဲတို့ ချက်စားတဲ့နေ့ဆို ရေတံခွန်ကို မရအရ ဖုန်းဆက်ပြီး ခေါ်ကျွေးတတ်သည်။

အမေက သူ့ကို သားတစ်ယောက်လိုပဲချစ်သည်။ ချစ်တာမှ သားအကြီးကိုချစ်သလိုမျိုး အားကိုးတာပင်ပါသည်။

အငယ်ကောင် ဖုံဖုံက ဒီနှစ်မှဆယ်တန်းလေ။ အိမ်မှာလည်း ကလေးလိုပဲ ဖြစ်နေတာ။

“ဒါဖြင့်လည်း ရေတံခွန်စားချင်တာ ရမယ့်ဆိုင်ပဲသွား”

“နီးနီးပဲလစ်မှာပါ၊ လာ နင့်စက်ဘီးကို ငါ့ကားထဲပဲထည့်လိုက်”

“ရပ့ါမလား”

“ရပါတယ် ပေးစမ်းပါ”

သူက ပြိုင်ဘီးလေးကို ပေါ့ပါးစွာ ဆွဲခနဲမပြီး ကားနောက်ဖုံးဖွင့်ကာ အတွင်းဘက် သွင်းထည့်လိုက်၏ ။

ပြီးလျှင် ကားစတန်းမှပြန်ထွက်ကာ နီရာစားသောက်ဆိုင်ဆီ မောင်းလာသည်။ ဆိုင်ထဲရောက်တော့ နက်စ်ကော်ဖီနှစ်ခွက်မှာပြီး သူက မုန့်ဟင်းခါးကို သူပြောသလိုပဲ ဆိုင်မှာဆိုတဲ့ ငါးဖယ်ကြော်ကအစ၊ ဘူးသီး၊ ပဲကြော်၊ မန္တလေးကြော် အစုံထည့်ပြီးစားသည်။

စောင်းသံကတော့ နန်းကြီးသုပ် စပ်စပ်လေးလုပ်ခိုင်းသည်။

ဗိုက်ဆာနေတာမို့ အတော်စားကောင်းပါသည်။ ဆိုင်ဝင်းကြီးက တမျှော်တခေါ်ကျယ်ပြန့်ပြီး ဘေးအကာအရံမရှိသဖြင့် လေပြေညှင်းရဲ့ အရသာကိုလည်း ခံစားရသည်။

မနက်ခင်းရဲ့ လေပြေသည် သန့်စင်လတ်ဆတ်စွာ ဖြေးဖြေးညှင်းညှင်းလေး တိုက်ခတ်နေသည်။

စားလို့သောက်လို့ ပြီးစီးသွားတဲ့အထိ ရေတံခွန်က ထမပြန်သေးဘဲ ထိုင်ခုံကိုမှီလျက် စီးကရက်တစ်လိပ် မီးညှိရှိုက်ဖွာလိုက်သည်။

ပြီးတော့ နာရီကိုတစ်ချက်ကြည့်ကာ . . .

"အချိန်တော့ အများကြီးရပါသေးတယ်၊ စောင်းသံ နင်စောင့်ပေးလို့ ဖြစ်တယ်မဟုတ်လား"

"ငါစက်ဘီးနဲ့ ထွက်သွားတာ ကြာလှချည်လားလို့ အမေမျှော်နေတော့မှာပဲ"

"ဩော် နင့်အမေစိတ်ပူနေမှာစိုးလို့လား၊ ဒါဖြင့် ဖုန်းဆက်ကြည့်လိုက်လေ၊ ငါ့မှာ ဖုန်းပါတာပဲ"

သူက ခါးမှာ ချိန်ထားတဲ့ဖုန်းကို ဆတ်ခနဲဖြုတ်ပြီး စားပွဲပေါ်တင်ပေး၏ ။ စောင်းသံက အိပ်ကဖုန်းကို ခေါ်လိုက်သည်။

ဒီနေ့ မင်္ဂလာဈေးပိတ်ရက် လပြည့်နေ့ဆိုတော့ အမေအိမ်မှာပဲ ရှိဦးမှာ။

အမေ့ကို ရေတံခွန်နှင့်အတူ လေဆိပ်မှာရှိတာ ပြောပြလိုက်တော့ အမေက စိတ်ချလက်ချဖြစ်သွားသည်။ ဘာကြောင့်မှန်းမသိ ရေတံခွန်ကိုဆိုလျှင် အမေက သိပ်ယုံကြည်အားကိုးတာပဲ။

ဒါဟာ သူငယ်ချင်းဖြစ်သူ ဦးမိုးနိုင်ရဲ့သား ဖြစ်နေတာလည်း ပါမှာပါ။

ဦးမိုးနိုင်နှင့် ဖေဖေတို့က ငယ်သူငယ်ချင်းအဖြစ် သံယောဇဉ်ကြီးခဲ့ကြသည် မဟုတ်လား။ ဦးမိုးနိုင်ရဲ့ဇနီး အန်တီဒေါ်ညွန့်ညွန့်ရတနာကတော့ အနည်းငယ် မာနကြီးပြီး သူဌေးကတော်ဆန်ဆန် အထက်တန်းကျကျ နေတတ်သူဖြစ်သည်။

သားဖြစ်သူ ရေတံခွန်ကိုတောင် ဒီမှာ ကျောင်းမတက်ခိုင်းပဲ စင်ကာပူမှာ ကျောင်းတက်စေသည်။

"ဘာတဲ့လဲ"

"ရေတံခွန်နဲ့အတူတူ ပြန်မယ်ပြောလိုက်တော့ အမေက အေးဆေးပေ့ါ"

သူမစကားကြောင့် ရေတံခွန့် နှုတ်ခမ်းရဲရဲလေးတွေ လှစ်ခနဲ ပြုံးသွား၏ ။

သူက ပြုံးလိုက်ရယ်လိုက်ရင် မျက်နှာအလွန်ချိုပြီး ကြည့်ကောင်းသူဖြစ်ရာ စောင်းသံမှာ သူ့အပြုံးကို နေ့တိုင်းမြင်လည်း မြင်တိုင်း ငေးမောရစမြဲပါ။

"ဒါကြောင့် ငါပြောတာပေ့ါ၊ နင့်အမေက ငါ့ကိုအပ်ထားပါတယ်လို့"

"သိပ်ဘဝင်မြင့်မနေနဲ့၊ အဲဒါ အန်ကယ်မိုးရဲ့ အရှိန်အဝါလည်းပါတယ်"

"ဟုတ်တယ် ဒက်ဒီက နင့်အမေကို တအားခင်တယ်၊ တစ်ခါတစ်ခါ ငါ့မာမီတောင် မနာလိုဖြစ်ရတယ်"

"ဟယ် နင်အဲလိုလျှောက်မပြောနဲ့လေ"

"ဟား ဟား ဟား"

သူက ပေ့ါပေ့ါပါးပါး ရယ်လိုက်၏ ။ စောင်းသံက သူ့ကို မျက်စောင်းတစ်ချက် ခဲမိသည်။

"ငါ့အမေက နင့်မာမီလည်း ခင်တာပဲဥစ္စာ"

“အေးပါ ခင်ပါတယ်၊ ငါက ဘာပြောလို့လဲ”

“နင်ပြောပုံက ဘာမှန်းမမသိတာ”

“စောင်းသံ၊ နင်က ခုထိကလေးလိုပဲ”

“ကလေးပဲပေါ့၊ ဘာဖြစ်လဲ”

“နင်နောက်နှစ်ဆို ကျောင်းပြီးပြီမို့လား”

စောင်းသံက ခေါင်းညိတ်သည်။ ကျောင်းပြန်ဖွင့်ရင် အီကိုဖိုင်နယ် တက်ရပြီလေ။

“ကျောင်းပြီးရင် အိမ်ထောင်ရေးစဉ်းစားမှာလား”

“လာပြန်ပြီ၊ နင်နော် ဘာလို့ အဲဒီ ကိစ္စပဲ လိုက်မေးနေတာလဲ”

“ခက်ပါလား စောင်းသံရယ်၊ ဒါသဘာဝပဲ၊ လူတိုင်းလူတိုင်း အရွယ်ရောက်အချိန်တန်ရင် အဖော်ရှာကြတာပဲ”

“ငါ့အတွက်မလိုဘူး”

“နင် ဒီလိုအပြတ်မပြောနဲ့ စောင်းသံ”

“ငါ အပျိုကြီးပဲလုပ်ပြီး အမေ့ကိုပြုစုသွားမယ်”

“ဟာဟ ပြောပုံလေးကတော့ကွာ ဒါပေမယ့် နင့်အမေက နင့်ကိုစိတ်မချဘူး”

“စောင်းသံက ဘာလုပ်နေလို့လဲ”

“ဘာမှမလုပ်ဘူးလေ၊ နင်က စက်ဘီးလေးစီးမယ်၊ ကြက်တောင်သွားရိုက်မယ်၊ ရေကူးမယ်၊ ဒါတွေပဲ၊ အားကစားတွေပဲ ဝါသနာပါတယ်”

"ငါ့ဘာသာ အားကစားလုပ်တာ ဘာဖြစ်လဲ"

"ကျွတ် ဘာလေးမှန်းမသိဘူး၊ နင့်ရှေ့ရေးကို နင်မှ ခေါင်းထဲမထည့်တာ"

"ဘာရှေ့ရေးလဲ၊ မသိဘူး၊ ငါမှ ယောကျ်ားမယူချင်တာ၊ ကျောင်းပြီးရင်လည်း ငါစဉ်းစားထားပြီးသား၊ ပါတိတ်ဆိုင်မှာပဲ ကူရောင်းပေးမယ်၊ ဒါမှမဟုတ်လည်း ငါဆိုင်ခွဲသတ်သတ်ဖွင့် မယ်"

"နင့်အမေပေးစားတဲ့ယောကျ်ား နင်ယူရမှာပေါ့"

"ဟင့်အင်း"

ခေါင်းယမ်းလိုက်တဲ့ သူမပုံစံလေးကို ရေတံခွန်က နက်နက်ရှိုင်းရှိုင်း စိုက်ကြည့်နေခဲ့သည်။ သူ့မျက်လုံးထဲက တစ်မျိုးသော အဓိပ္ပာယ်လေးဟာ ဘာရယ်လို့ စောင်းသံလည်း အဓိပ္ပာယ်မဖွင့်တတ်ခဲ့ပါ။

သန့်ရှင်းစင်ကြယ်သော နှလုံးသားနှင့် အပြစ်ကင်းစင်သော မိန်းမချောလေးကို ရေတံခွန်က ခပ်ငေးငေး စူးစိုက်ကြည့်နေမိရင်း သူ့နှလုံးသားဟာ ပန်းပွင့်လေးတစ်ပွင့်ကို ထိုင်ကြည့်နေရသလို ငြိမ်းအေးစိတ်ချမ်းသာလှသည်။

စောင်းသံချိုဟာ သူ့အနီးက တခြားသော မိန်းကလေးတွေနှင့် လုံးဝမတူ။ သူမဟာ ပွင့်လင်းရိုးသားသည်။ အဖြူထည်လေးတစ်ခုကို ချစ်စရာကောင်းသည်။ မာန်မာနပရိယာယ်တွေလည်း မရှိဘဲ ပကတိ ရိုးရှင်းအေးချမ်းသူလေးပါ။

"စောင်းသံ ဒီအရွယ်ထိ အချစ်ဆိုတာ ဘာမှန်းတောင် နင်မသိဘူးနော်"

"ငါမှ အချစ်ဆိုတာကို မယုံတာ"

"ဘယ်လို"

"ယောကျ်ားတွေဟာ သူတို့လိုချင်တာကို ရဖို့အတွက် အဲဒီ စကားကို ညာပြီး အသုံးချတာလို့ ငါထင်တယ်"

"နင့်စွဲချက်က ပြင်းလှချည်လား"

ရိုးသားသူလေးရဲ့ မှတ်ချက်စကားတစ်ခွန်းကို ရေတံခွန် အနည်းငယ်တော့ လန့်သွားရပါသည်။

"တကယ်ဆိုရင် အချစ်ဆိုတာ ဘာမှမဟုတ်ဘူး၊ လူတွေက သာယာမှုသာ ရှာချင်တာပါ၊ ဒီစကားလေးတစ်ခွန်းကို ဟန်ဆောင်ပြီး ညာပြောနေကြတာ၊ သမီးရည်းစားတွေကြားထဲမှာတော့ ဒီစကားက အနုအလှဆန်နေတာပေ့ါ၊ တကယ့်ဘဝထဲမှာ ဘယ်သူက ကိုယ်ကျိုးစွန့်ပြီး အနစ်နာခံချစ်နိုင်မှာလဲ၊ ဒါကြောင့် အချစ်ဆိုတာ ငါ့အတွက် အဓိပ္ပာယ်မရှိဘူး၊ ငါက ဒါကို ဘယ်တော့မှ အဟုတ်ကြီးမှတ်မှာမဟုတ်ဘူး၊ ငါ့ကိုချစ်တယ် လာပြောရင် ငါကတော့ ရယ်ပစ်မိမှာပဲ ရေတံခွန်"

ရေတံခွန်က သူမစကားကြောင့် ပခုံးတွန့်ပြမိသည်။ ပြီးတော့ စီးကရက်ပြာကို ပြာခံခွက်ထဲ ခြွေချလိုက်ပြီး . . .

"နင်က ကြီးကြီးကျယ်ကျယ် လျှောက်ပြောနေပါလား စောင်းသံရာ၊ တကယ်တော့ လူတွေက အချစ်နဲ့မကင်းနိုင်ဘူးဟ၊ နင်လည်း တစ်နေ့ ရည်းစားထားမှာပဲ"

"မထားပါဘူး"

"အဲလိုအပြောကြီးတဲ့ လူတွေက ချစ်မိရင် သူများထက်တောင် အရူးအမူးဖြစ်ဦးမယ်"

"ဘာလို့ဖြစ်ရမှာလဲ"

"ငါတော့ထင်တယ်၊ နင့်ဆီမှာ ကြီးကျယ်ခမ်းနားတဲ့ အချစ်တစ်ခုရှိလိမ့်မယ်၊ နင့်ရင်ထဲမှာ ရှိနေတာ နင်မသိလို့ပါ စောင်းသံရာ၊ စကားကို အကုန်မပြောပါနဲ့ဦး"

သူမရဲ့ မျက်လုံးကလေးတွေက စိန်ခေါ်ရဲသလို စူးလက်တောက်ပနေသည်။

"ငါတစ်ခုပြောထားမယ် စောင်းသံ၊ တစ်နေ့နေ့ကျရင် နင့်မျက်လုံးထဲမှာ ယောကျ်ားတစ်ယောက်ကို မခွဲနိုင်အောင် ချစ်မိတဲ့ အရိပ်အယောင်တွေ ငါတွေ့ရမှာပဲ၊ အဲဒီ အချိန်မှာ အချစ်ကို ယုံပြီလို့ နင်ဝန်ခံရလိမ့်မယ်"

"အို မဖြစ်နိုင်တာပဲ ရေတံခွန်ရဲ့"

သူမက ခေါင်းယမ်းငြင်းဆန်ဆဲပါ။ ပြောရခက်လှသော ခေါင်းမာမာနှင့် ကောင်မလေးကို ရေတံခွန်က အလျှော့ပေးသလိုသာ ပြုံးကြည့်နေမိလေသည်။

နင် ချစ်ကိုချစ်တတ်လာမှာပါ စောင်းသံ။

နင့်နှလုံးသားမှာ အချစ်တွေဗလာနဲ့မှ ရေတံခွန်ရေ၊ ငါတို့ လေဆိပ်ပဲ ပြန်ဝင်စောင့်ရဦးမှာ"

"အေးပါဟာ သွားမှာပေ့ါ"

ရေတံခွန်ကတော့ အေးအေးဆေးဆေးပါပဲ။ သူဘယ်တော့မှလည်း ပျာယာမခတ်။ တကယ်တော့ သူ့ဆီမှာ ပျာယာခတ်သွားအောင် စွဲစွဲလမ်းလမ်း ချစ်ရမည့် မိန်းကလေးဆိုတာလည်း မရှိသေးပါဘူးလေ။

× × ×

(၃)

စောင်းသံချိုတို့ရဲ့ အိမ်ကလေးက မရမ်းကုန်းမြို့နယ်ထဲက အနည်းငယ် တိတ်ဆိတ်သော လမ်းကလေးတစ်ခုအတွင်းမှာ တည်ရှိသည်။ စောင်းသံတို့ ငယ်စဉ်ကပင် ဤအိမ်မှာ နေထိုင်ကြီးပြင်းခဲ့တာဖြစ်သည်။

ဟိုတုန်းက အိမ်ဈေးမြေဈေးတွေ ဒီလောက်လည်းမရှိသေးတော့ အဖေ့ရဲ့အမေ စောင်းသံတို့ အဘွားက ဝယ်ထားခဲ့ပြီး အဖေနေဖို့ အမွေပေးခဲ့တာဖြစ်သည်။

အိမ်လေးမှာ တိုက်ခံပျဉ်ထောင် တစ်ထပ်ကလေးပဲ ဖြစ်ပြီးအထပ်ခိုးကျယ်ကျယ် ပြုလုပ်ထားသည်။ ဟိုတုန်းကတည်းက ကျွန်းသားတွေနှင့်ချည်း ဆောက်ထားခဲ့တဲ့အိမ်မို့ ခုချိန်ထိ ခိုင်မာတောင့်တင်းသည်။ အုတ်ကြွပ်မိုးထားတာမို့ တစ်ခါတစ်ရံတော့ ခေါင်မိုးကို ပြုပြင်ရတာ ရှိသည်။

စောင်းသံက ဒီအိမ်လေးကို ကြိုက်သည်မှာ ဂရန်တာ အကျယ်ကြီးနှင့် တည်ဆောက်ထား၍ ဖြစ်သည်။ အိမ်ရှေ့က မြေပိုတစ်ဝက်နီးပါးကို ဂရန်တာကြီးက ယူထားသည်။

အဲဒီ ဂရန်တာမှာ အမိုးပြင်ကျယ်ပဲရှိပြီး အကာအရံမရှိ။ မိုးရွာတဲ့အခါ ယင်းလိပ်လေးတွေ ဆွဲချရတာ ရှိသည်။ ပြီးရင် မိုးတိတ်တာနှင့် ယင်းလိပ်ကို ကြိုးနှင့်ဆွဲပြီး ပြန်တင်လိုက်တာပါပဲ။ ပြီးတော့ ဂရန်တာပတ်ပတ်လည်မှာ အမေကိုယ်တိုင် စိုက်ပျိုးပြုစုထားတဲ့ ပန်းပင်လေးတွေရှိသည်။ ရွက်လှပန်း၊ ပိန်းပန်း၊ ကစ်မီကွစ်၊ နှင်းဆီ၊ စံပယ်၊ ဇီဇဝါ စသဖြင့် ပန်းအိုးလေးတွေ စီစီရီရီနှင့်မို့ ကြည့်လိုက်လျှင် မျက်စိပသာဒရှိသလို အေးမြမြနှင့် စိမ်းလန်းသာယာသည်။

အမေက ပန်းပင်ပြုစုတာလည်း တော်သည်။ ထို့ထက်ပို၍ သားသမီးတွေ ပြုစုပျိုးထောင်တာ ပိုပြီးတော်ပါသည်။

သမီးကြီးဖြစ်သူ စောင်းသံချိုက လိမ္မာသိတတ်သလို သားအငယ် ဗုံသံဟိန်းကလည်း ယောကျ်ားလေးမို့ တစ်ခါတစ်ရံ ဂျစ်ကန်ကန် ပြောတတ်ဆိုတတ်တာကလွဲ၍ မိခင်ဖြစ်သူကို အလွန်ချစ်တတ်သည်။

စောင်းသံတို့ ဧည့်ခန်းမှာ ဖေဖေနှင့်မေမေ အတူတွဲရိုက်ထားသော ဓာတ်ပုံကြီးတစ်ပုံကို မှန်ဘောင်သွင်းလျက် ချိတ်ဆွဲထားသည်။

ဓာတ်ပုံထဲမှာ အဖေက အတော်ခန့်ညားနေသည်။

ဒေါ်ရူပါသည် သစ်သားဆက်တီတွေ၊ စားပွဲတွေ၊ ရှိုးကေ့စ်ဗီရိုတွေ ဖုန်ခါရင်း ခင်ပွန်းဖြစ်သူ ဓာတ်ပုံကို တစ်ချက်တစ်ချက် ခပ်ဆွေးဆွေးကြည့်မိသည်။

မိသားစုရဲ့ အားကိုးရာ ရွှေတောင်ကြီး ပြိုကျသွားခဲ့တာ ငါးနှစ်ကျော်ကျော် ရှိခဲ့ပြီလေ။ ကိုကောင်းထက် ဆုံးပါးစဉ်က သားငယ်လေးဗုံဗုံမှာ ငါးတန်းတက်စလေးပဲ ရှိသေးတာ။

ကင်ဆာဝေဒနာ ခံစားနေရရှာသော ခင်ပွန်းဖြစ်သူမှာ ဇနီးနှင့် သားသမီးအတွက် စိတ်မချရဘဲ နောက်ဆံတငင်ငင် ရှိနေခဲ့တာ ပြန်သတိရသည်။

“ကိုယ် မင်းတို့ကို မခွဲချင်ဘူး၊ ကိုယ့်သားလေး ဗုံဗုံက သိပ်ငယ်သေးတယ်”

“အို ရှင်ကလည်း အဲဒါတွေ မတွေးစမ်းပါနဲ့”

“မတွေးလို့မရဘူး မရူပါရဲ့၊ ကိုယ်သွားရတော့မယ် ကိုယ်သိတယ်”

ဒေါ်ရူပါဟာ စိတ်တင်းထားတဲ့ကြားက မျက်လုံးအိမ်မှာ မျက်ရည်တွေ ပြည့်အိုင်လာသည်။ ဆရာဝန်က သိပ်ကြာကြာမနေရတော့ဘူးလို့ ခေါ်ပြောကတည်းက လူက ဟုန်တုန်တုန်ကြီးနှင့် စားမဝင် အိပ်မပျော်

နေလို့မကောင်းဘဲ စိတ်ထိခိုက်ကြေကွဲနေတာပါ။

ကိုကောင်းထက် မရိပ်မိအောင်သာ ဆေးရုံမှာ ဟန်မပျက်ပြုစုနေတာ။ ကိုကောင်းထက်ကလည်း သူ့အခြေအနေ သူသိနေလေပြီ။

"မရူပါ မင်းမငိုပါနဲ့ကွာ၊ မျက်ရည်မကျစမ်းပါနဲ့၊ မင်းမှာ သမီးနဲ့သား ရှိသေးတယ်၊ သူတို့ရှေ့မှာ မင်းက ကြံ့ကြံ့ခံ ရပ်တည်ပြရဦးမယ်"

"မငိုပါဘူး ကိုကောင်းထက်ရယ်"

ကိုကောင်းထက်က သူမကို မငိုဖို့ အားပေးနှစ်သိမ့်သည်။

"မရူပါ ကိုယ်ပြောတာ သေချာနားထောင်"

"အင်း ပြော"

"ကိုယ်မရှိတော့ရင် မင်းပင်ပန်းမှာပဲ၊ ဒါပေမဲ့ သားနဲ့ သမီးကိုတော့ သေချာစောင့်ရှောက်ပါကွာ၊ နော်"

ဒေါ်ရူပါက ဝမ်းနည်းအားငယ်စိတ်ကို ထိန်း၍ ခေါင်းညိတ်ပြလိုက်သည်။

"သူတို့လိုအပ်တာလေးတွေ တတ်နိုင်သလောက် ဖြည့်ဆည်းပေးလိုက်ပါ၊ အဓိကက သူတို့ပညာရေးပဲ၊ အဲဒါလေး ဂရုစိုက်ပေးကွာ"

"အင်းပါ ကိုကောင်းထက်ရယ်"

"သူတို့ကို မင်းပြောပါ၊ အဖေမရှိလို့လည်း မျက်နှာငယ်စရာမလိုဘူး၊ စာကိုကြိုးစားကြလို့"

"ရှင်မောမယ် ခဏနားဦး"

"မောပါစေ မရူပါရယ်၊ ကိုယ့်ကိုမတားပါနဲ့၊ ဒါ ကိုယ့်ရဲ့ နောက်ဆုံးစကားတွေလည်း ဖြစ်ချင်ဖြစ်မယ်၊ မင်းနားထောင်ပါ"

"ကျွန်မ နားထောင်နေပါတယ်"

ဒရစ်ပ်ချိတ်ထားကာ မှေးနေသော ခင်ပွန်းဖြစ်သူအနား ဒေါ်ရူပါက ခေါင်းကို နှိမ့်ချကပ်ထားကာ သူပြောသမျှ လေသံတိုးတိုးကို ကြားရအောင် နားစိုက်ထောင်နေပါသည်။

နာ့စ်ကမှ ဂျူတီချိန်းသွားသေးသည်။ ဒေါ်ရူပါကတော့ ခင်ပွန်းနားမှာ နှစ်ဆယ့်လေးနာရီ အချိန်ပြည့် ထမင်းစားချိန်၊ ရေချိုးချိန်လေးပဲ သမီးစောင်းသံကို တစ်လှည့်စောင့်ခိုင်းတာ။ သမီးကြီးကလည်း ခံစားတတ်နေပြီဆိုတော့ မျက်နှာလေး ညှိုးငယ်နေရှာသည်။

“ဒါပေမဲ့ ရှင် တရေးလောက်အိပ်လိုက်ပါလား၊ ဒါမှအားရှိမှာ၊ ညနေ သမီးနဲ့သားလာရင် ဒါမှ စကားပြောနိုင်မှာပေါ့ရှင်ရဲ

ဒေါ်ရူပါက အိပ်ဖို့ ချော့မော့နားချနေမိသည်။ ဦးကောင်းထက်မှာ တကယ်တမ်း လောကကြီးမှာ နေသွားရဖို့ အချိန်သိပ်မကျန်။

သူမှာကြားနေသမျှဟာလည်း သားနှင့်သမီးအတွက်သာပါ။

အသက်ကယ်ဆေးလေးထိုးလိုက် နည်းနည်းပြန်လန်းလာလိုက်နှင့် ရက်ကြာကြာပင် မနေရဘဲ ဦးကောင်းထက်တစ်ယောက် လောကကြီးကို စွန့်ပစ်သွားလေသောအခါ သားအမိသုံးယောက် ရင်ကွဲပက်လက် ကျန်ခဲ့ရသည်။

သားနှင့်သမီးကို အားမငယ်စေချင်သော်လည်း ဖြေမဆည်နိုင် ဝမ်းနည်းရလွန်းတော့လည်း ဖက်ငိုစရာ ဒီသားနှင့်သမီးပဲ ရှိတာမဟုတ်လား။

“မေမေ”

စောင်းသံ ခေါ်လိုက်သဖြင့် ဒေါ်ရူပါ ဆတ်ခနဲ ဖြစ်သွားသည်။

“လက်ဖက်သုပ်နဲ့ ရေနွေးရပြီ မေမေရဲ့၊ လာစားလေ၊ ဒီမှာဘာလို့ရပ်နေတာလဲ၊ မေမေက ဖေဖေ့ပုံကြည့်ပြီး သတိရနေတာမို့လား၊ ဒီတစ်ခါ ဖေဖေဆုံးတဲ့နှစ်ပတ်လည်နေ့ကျရင် ဘုန်းကြီးကျောင်းမှာ ဒန်ပေါက်လှူရအောင်နော်

မေမေ”

“အေး . . . အေး သမီး ကောင်းသားပဲ”

စောင်းသံက ပြောပြောဆိုဆို လက်ဖက်ပန်းကန်ထည့်ထားတဲ့ ဗန်းကလေးနှင့် ဂရန်တာထွက်လာသည်။ ဖိုးဖိုးက ဂရန်တာမှာ စာကျက်နေသည်မဟုတ်လား။

“မေမေ ဒီမှာထိုင်မယ်နော်၊ ဖိုးဖိုးလည်း စာကျက်ရင်း လက်ဖက်စားလို့ရအောင်”

“ငါတို့အနားသွားရင် ဖိုးဖိုးက စာကျက်ဦးမှာလား”

“ဟား ဟား ဘရိတ်တိုင်းမ်ပေါ့ မေမေရာ”

ဖိုးသံဟိန်းက သင်္ချာတွက်လက်စစာအုပ်ကို စားပွဲပေါ် အသာမှောက်ထားလိုက်တော့၏ ။

“တွေ့လား၊ ဒီကောင်လေးက စာကျက်ခပ်ပျင်းပျင်း”

“စာကျက်ပျင်းလည်း သားက တူးဒီပဲ၊ ဘာမှမပူနဲ့၊ မမကြီးလို တစ်နှစ်လုံး ကုပ်ချောင်းချောင်း စာလုပ်ပြီး ဂမ်းဒီလေးပဲ ထွက်မှာမဟုတ်ဘူး”

“အေးပါ ဖိုးဖိုးရယ် အောင်စာရင်းထွက်တော့ စောင့်ကြည့်ရသေးတာပေါ့”

သားအမိနှစ်ယောက်က ဖိုးဖိုး စာကျက်ရာ စားပွဲဝိုင်းအနိမ့်လေးနား အတူထိုင်လိုက်ပါသည်။ စောင်းသံက မေမေ့ပခုံးကို မှီပြီးထိုင်သည်။

ဖိုးဖိုးက လက်ဖက်သုပ်ပန်းကန်ထဲက ပုဇွန်ခြောက်အကောင်ကြီးကြီးတစ်ကောင်ပါအောင် ဇွန်းနှင့် ခပ်စားလိုက်ရင်း . . .

“မမစောင်းသံကလည်း လက်ဖက်သုပ်ပဲ၊ တခြားမုန့်တော့ ဘာမှမပါဘူး”

“မေမေ ပူတင်းလုပ်ထားတာ ရေခဲသေတ္တာထဲရှိသေးတယ်၊ စားမလား”

“အာ ပူတင်းမကြိုက်ပါဘူး”

“ဒါဖြင့် နင်က ဘာစားချင်တာလဲ”

“ကြက်ဥအူချောင်းကင်”

“တွေ့လား မေမေ့သား ကိုချေးထူက”

“ညနေကျ သူစားချင်တာ လုပ်ပေးလိုက်ပေ့ါ သမီးရယ်၊ စီးတီးမတ်ခ်က ဝယ်ထားတဲ့ ကြက်အူချောင်းတွေ ရှိသေးတယ်မို့လား”

“သူက တကူးတက ကင်ခိုင်းနေတာ၊ ကြော်ပေးလိုက်လို့ ရတာ မဟုတ်ဘူး မေမေရဲ့”

စောင်းသံက စောဒက တက်လိုက်သည်။ ဒီကောင်လေး ဗုံဗုံရဲ့လျှာ က ကောင်းတာလေးတွေ ကပ်သီးကပ်သပ် စားချင်တတ်တာလေ။

စောင်းသံကလည်း အချက်အပြုတ်တော့ ဝါသနာပါသည်။ မေမေ ဈေးမထွက်ရတဲ့ အားလပ်ရက်ဆို သားအမိတွေ တပျော်တပါး ချက်ပြုတ်စားတတ်ကြသည် မဟုတ်လား။

“ကင်စားရတာ လွယ်လွယ်လေးပါဗျာ”

“အေးပါ၊ သားကို မေမေလုပ်ပေးပ့ါမယ်”

“ဗုံဗုံက မေမေ့ပါးကို ကျေနပ်စွာ ရွှတ်ခနဲ နမ်းမွှေးလိုက်သည်။

“ငချွဲလေး”

စောင်းသံက သူချွဲနေတာကို မနာလိုစွာ သူ့ဆံပင်ထောင်ထောင်လေးတွေကို တစ်ချက်ဆောင့်ဆွဲလိုက်၏ ။

“ဟာ မမနော်၊ သားဆံပင်ကို မလုပ်နဲ့”

“ကြီးကျယ်လို့ ဟွန်း”

“ကောင်းကောင်းနေကြလေ၊ ကိုယ့်မောင်နှမအချင်းချင်း ချစ်ခင်ကြမှပေါ့၊ ရေတံခွန်ဆိုရင် တစ်ယောက်တည်းဆိုတော့ မင်းတို့ကို ဘယ်လောက်အားကျတယ်မှတ်သလဲ”

“မမ မနက်က ကိုရေတံခွန်နဲ့ တွေ့တယ်ဆို၊ သူ မပြန်သေးဘူးမို့လား”

ဗိုဗို့က စောင်းသံဖက် လှည့်မေးလိုက်၏။

“ဒီလကုန်မှပြမယ် ပြောတာပဲ”

“ကိုရေတံခွန်ကကွာ သားကို ဂစ်တာယူလာပေးမယ်ဆိုပြီး အခုထိမပေးသေးဘူး”

“ဟဲ့ ဘာဂစ်တာလဲ၊ နင် ဒီနှစ်ဆယ်တန်းနော်၊ အားအားယားယား အချိန်ဖြုန်းဖို့ မစဉ်းစားနဲ့၊ မေမေ့သားပြောတာ ကြားလား၊ ရေတံခွန်ဆီက ဂစ်တာ သွားတောင်းနေတယ်၊ သူ့မှာလည်း ဟော်လို ဂစ်တာတစ်လက် ရှိသားနဲ့”

“သားတောင်းထားတာ အီလက်ထရောနစ်ဂစ်တာ”

“အပိုတွေနော်၊ စာမေးပွဲပြီးမှ အဲဒါတွေလုပ်စမ်း”

“ဟုတ်တယ် သားလေးရဲ့၊ အခုလောလောဆယ် ကျောင်းစာပဲ ခေါင်းထဲထည့်ဦး၊ သားလေး ဂစ်တာတီးတာ၊ သီချင်းစပ်တာ မလုပ်နဲ့မပြောပါဘူး စာမေးပွဲဖြေပြီးရင် လုပ်ပေါ့ကွယ်၊ မဟုတ်ဘူးလား”

“ကိုရေတံခွန်က လက်ဆောင်ပေးမယ် ပြောထားလို့ပါ”

ဗိုသံဟိန်းသည် သူ့စာကျက်ချိန်မှာ စာကိုပြီးအောင် ကျက်သော်လည်း ဘော်ဒါတွေနှင့် လက်ဖက်ရည်ဆိုင် အထိုင်မပျက်ပါ။ ညဖက်ဆိုလည်း သူက အေးအေးလူလူ ဂစ်တာ ခေါက်ချင်သေးတာ။

စောင်းသံနှင့် မေမေက သူ့ကို အလစ်မပေးဘဲ စောင့်ကြည့်နေရသည်။ တော်ကြာ အပေါင်းအသင်းများမှာ၊ စီးကရက်တွေ ဘာတွေ စွဲသွားမှာ စိုးရိမ်လို့ပါ။

သို့သော် ခုထက်ထိတော့ ဗုံဗုံက ဘာမှ ဟော့ဟော့ရမ်းရမ်းမရှိ။ အမေနှင့်အစ်မ မသိအောင် ကြီးကြီးမားမား ခိုးလုပ်တာတော့မရှိ။ အသေးအဖွဲ့လေးတွေသာ ညာကောင်းညာတတ်သည်။ ပြီးတော့ ဒီကောင်လေးက ငယ်ငယ်ရွယ်ရွယ်နှင့် အနုပညာ ဝါသနာပါသည်။ တေးဂီတကို ခုံမင်နှစ်သက်သည်။

စောင်းသံတို့ ဖေဖေကိုယ်တိုင်က စန္ဒယားတီးခဲ့တာပဲ။ ခုထက်ထိလည်း အိမ်မှာ အဖေတီးခဲ့တဲ့ စန္ဒယားကြီး ရှိသေးသည်။

အဖေက တူရိယာပစ္စည်းတွေကို ချစ်မြတ်နိုးသည်။ သူ့သားနှင့်သမီးကို အမည်ပေးထားပုံကိုပဲ ကြည့်ဦးလေ။

အခုတောင် စောင်းတွေ ဗုံတွေ ပါလာတာ နောက်ထပ်မောင်နှမတွေသာ ရှိလျှင် တယောတွေ မယ်ဒလင်တွေ လာဦးမလားမသိ။

"အဲဒီ ရေတံခွန်ကလည်း သိပ်ဆရာကြီးလုပ်တာပဲ၊ ကလေးကို ဂစ်တာဝယ်ပေးချင်စရာလား"

"အဲဒီ လိုလည်း မဟုတ်ပါဘူး သမီးရယ်၊ ရေတံခွန်လေးက လူတွေကို စိတ်ချမ်းသာအောင် သိပ်လုပ်တတ်တာ၊ သူလက်ဆောင်ပေးရင်လည်း အဲဒီ လူ လိုအပ်မယ့်ဟာ ကြိုက်နှစ်သက်မယ့်ဟာကို ရွေးပြီး ပေးတတ်တယ်၊ မေမေ့ကို ဟိုတစ်ခါ နိုင်ငံခြားက သစ်ခွမျိုးတွေ ယူလာပေးတာ မတွေ့ဘူးလား၊ အဲဒီ ကလေးက သိပ်အလိုက်သိတာ"

"ဟွန်း ဘာအလိုက်သိတာလဲ၊ မေမေပဲ ရေတံခွန်ကို အကောင်းပြောနေ သူက ဘာပြောတယ်မှတ်လဲ၊ စောင်းသံကို ရည်းစားရှာပေးမယ်တဲ့၊ အဲဒါ သူပြောစရာလား ကဲ"

"ဟဲ့ အဲဒါ စိတ်ဆိုးစရာလား၊ ကောင်းတာလေးတွေ့ရင် ကြည့်ပေးပါလို့ မေမေကိုယ်တိုင်မှာထားတာ"

"မေမေကလည်း"

"ငါ့သမီးလေးက အေးတိအေးစက်လေ၊ သင့်တော်ရာကို အမေရှာဖွေထားမှ ဖြစ်မှာပေ့ါ"

"အေးဆေးပဲနေပါရစေ အမေရာ၊ သူများအမေတွေများ သမီးလုပ်တဲ့သူ ရည်းစားခိုးထားမှာ စိတ်ပူကြတယ်၊ အမေကတော့ မဟုတ်သေးပါဘူး"

"ဩော် ဒါကတော့ သမီးလိမ္မာတာ အမေက သိလို့ပေ့ါ၊ ဒါပေမဲ့ သမီးကညာ အခါမလင့်စေနဲ့တဲ့၊ ဒါလည်း မေမေ့တာဝန်ရှိတာပဲလေ၊ သမီးတို့ သားတို့ မင်္ဂလာဆောင်ပေးပြီးရင် မေမေလည်း အေးပြီ"

ဒေါ်ရူပါက အကျိုးသင့် အကြောင်းသင့် ပြောပြနေ၏ ။

"ဖြစ်နိုင်ရင်တော့ အိမ်ထောင်တွေဘာတွေကျပြီးရင်လည်း မေမေက သားနဲ့သမီးကို မခွဲချင်ပါဘူး၊ ဒီအိမ်မှာပဲ အတူတူနေစေချင်တယ်"

"ဟား ဟား သားက ယောက်ဖနဲ့ အတူတူနေရမှာပေ့ါ"

"ဗိုဗို ဒါ နင်နှောက်စရာလား၊ ကဲ"

စောင်းသံက မောင်ဖြစ်သူကို ခေါင်းခေါက်ဖို့ လက်ရွယ်တာနှင့် ဗိုဗိုက အသာလေး နောက်ဆုတ်ရှောင်လိုက်သည်။

"မေမေ စကားကောင်းကောင်းပြောနေတာ ကောင်းကောင်းနားထောင်ကြလေကွယ်"

"ဟုတ်ကဲ့"

ဗိုဗိုက မျက်နှာပိုးသတ်ထားတဲ့ ကြားထဲက ပြုံးစေ့စေ့

ဖြစ်နေပါသေးသည်။

“အချိန်တန်ရင် သားတို့သမီးတို့လည်း အဖော်ရှာလာမှာပဲ”

“မမက မေမေရှာပေးတာယူမှာ၊ သားကတော့ စောပါသေးတယ်”

“အောင်မယ် သူကများ”

“သားက အဆိုတော်ဖြစ်အောင် လုပ်ဦးမှာပါ”

“ကြီးကြီးကျယ်ကျယ်”

“မေမေ မေမေနဲ့ ဖေဖေကရော ကြိုက်ပြီးယူတာလား၊ အိမ်ကလူကြီးတွေ သဘောတူပြီး ပေးစားတာလား”

ဗုံဗုံက လူတတ်ကြီးလုပ်ပြီး မေးပါသေးသည်။

မေမေ့မျက်နှာမှာ ရှက်ပြုံးတုံ့လာ၏ ။

“ပြောလေဗျာ”

“မိဘတွေက သဘောတူကြတာပါကွယ်”

“ဒါဆို မေမေက ရည်းစားမထားခဲ့ဘူးပေါ့”

ဒေါ်ရူပါ ဖြေရခက်သွားသည်။ ဖွင့်မပြောဖြစ်ခဲ့ပေမယ့် ရင်ထဲမှာ နှစ်သက်ခဲ့သူတစ်ယောက်တော့ ရှိခဲ့ဖူးပါသည်။ သို့သော် ထိုအကြောင်းကို သားတို့သမီးတို့ကို ဘယ်ဝန်ခံလို့ဖြစ်ပါ့မလဲ။ ဒါက တစ်သက်လုံး ရင်မှာသိုဝှက်သိမ်းဆည်းထားရမှာ။

“မထားပါဘူး၊ ဘယ်ရှိမှာလဲ”

“ဒါဆို ဖေဖေနဲ့ ရည်းစားမဖြစ်လိုက်ဘူးပေါ့”

ဗုံဗုံက ကပ်သီးကပ်သတ် မေးလိုက်သည်။

“သူက လူကြီးတွေခွင့်ပြုချက်နဲ့ အိမ်ကို ဝင်ထွက်နေတာပဲလေ၊ သူ ခရီးတစ်ခေါက် ပြန်လာရင် မေမေ့အတွက် သနပ်ခါးတုံးတွေ ဝယ်လာပေးတယ်”

“ဟာဗျာ လက်ဆောင်ကလည်း ကဗျာမဆန်လိုက်တာ၊ သနပ်ခါးတုံးတဲ့”

“ဟဲ့ မေမေ့မျက်နှာလိမ်းတဲ့ သနပ်ခါးလေ၊ ဒီထက်ကဗျာဆန်တာ ရှိဦးမလား”

အမေက ဖုံ့ဖုံ့စကားကို မျက်နှာထိမျက်နှာထားဖြင့် ပြန်ချေပသဖြင့် မောင်နှမနှစ်ယောက်သား အော်ရယ်မိသည်။

“ဟား ဟား ဟား”

“အဟင်း ဟင်း ဟင်း”

“အောင်မယ် ဒါရယ်စရာလား”

“မေမေ ဖေဖေက မေမေ့ကို ချစ်တယ်လို့ ဘယ်အချိန်မှာ ပြောလိုက်တာလဲ၊ အဲဒါလည်း ဆက်ပြောပြဦးနော်”

“နင်တို့ ဘာတွေလျှောက်မေးနေတာလဲ”

“မေမေကလည်း သားတို့က သိချင်လို့ပါ”

ဒေါ်ရူပါရဲ့ မျက်နှာအမူအရာမှာ တစ်မျိုးလေး ဖြစ်သွားရသည်။ သွားလေသူကြီးအကြောင်း ပြန်ပြောရတာ ရင်မှာ လှိုက်ခနဲနင့်၏ ။

“သိချင်တယ်ပေါ့လေ”

“ဒါပေါ့ မေမေရ”

“ကဲ ဒါဆို အပေးအယူလုပ်ရမယ်၊ ဘယ်လိုလဲ”

စောင်းသံနှင့် ဖုံသံတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ ဖုံသံက မချိုမချဉ် မျက်စပစ်ပြပြီး . . .

“ဘာအပေးအယူလုပ်ရမလဲ၊ လုပ်မယ်ဗျာ၊ နော် မမ”

စောင်းသံက ခေါင်းမညိတ် ခေါင်းမခါဘဲ ပြုံး၍ သာ ကြည့်နေမိ၏။

“စောင်းသံရော ဗိုဗိုရော ရည်းစားထားခဲ့ရင် မေမေ့ကို မချွင်းမချန် ပြောပြရမယ်”

“ဟာ မမရေ မချွင်းမချွတ်တဲ့ဗျ၊ အဲဒါတော့ ဘယ်ဖြစ်မလဲ”

ဗိုဗိုက ရယ်ကျဲကျဲနှင့် နှာခေါင်းရှုံ့ပြ၏။

“စောင်းသံက ရည်းစားထားမှာမှ မဟုတ်တာ၊ ဘာမှလည်း ပြောစရာရှိလာမှာ မဟုတ်ဘူး”

“ဗိုဗိုကတော့ ထားမှာ”

သတ္တိရှိရှိ ကြေညာတဲ့ ဗိုဗို့ဦးခေါင်းကို မေမေက ချစ်စနိုးနှင့် လက်ဝါးအုပ်ကိုင်လိုက်၏။

“ထားရင် ပြောပြမယ်ပေါ့လေ”

“ဒါပေါ့ဗျ”

“စောင်းသံလေးက မြဲစိစိ”

“သမီးမှ ရည်းစားထားမှာမဟုတ်တာ”

“အဲဒါမျိုးပြောတဲ့သူတွေ ပိုကြောက်ရတယ် မေမေ၊ သတိထားပေတော့”

“ဗိုဗိုနော်”

“မမကလည်း ကြိတ်မထားဘူး၊ ဖွင့်တိုင်ပင်မယ်လို့ မေမေ့ကို ကတိပေးလိုက်ပေါ့ဗျာ၊ ဘာဖြစ်လဲ”

“အင်းပါ၊ ငါကဘာပြောလို့လဲ”

“မေမေ ကဲ စိတ်ချလိုက်တော့”

“ကျေးဇူးတင်ပါတယ်ကွယ်၊ သားတို့သမီးတို့ လမ်းမှားမရောက်အောင် မေမေက ကာကွယ်စောင့်ရှောက် ကူညီချင်လို့ပါ၊ တခြားဘာသဘောမှ မဟုတ်ပါဘူးကွယ်”

“မေမေစိတ်ညစ်အောင် မလုပ်ဘူးလို့ စောင်းသံ ကတိပေးပါတယ်”

သူမသည် အလွယ်လေးသော ကတိပေးမိ၏ ။ အချစ်ဆိုတဲ့ပြဿနာရဲ့ နက်ရှိုင်းဆန်းကြယ်နက်နဲပုံတွေအကြောင်း သူမ မသိသေးဘူးလေ။

သူမရင်မှာ ချစ်လည်းမချစ်တတ်သေးဘူးမို့လား။

စောင်းသံကိုရော သားလေးဖုံဖုံကိုပါ မေမေက အဖော်ကောင်းလေးတွေ ရစေချင်တယ်။ အမြဲလည်း ဆုတောင်းထားတယ်။

“စောင်းသံက တကယ်လို့ အဖော်တွေ့မယ်ဆိုရင်တော့ မေမေသဘောတူမှပဲ သူ့ကို လက်ခံမှာပါ”

“မင်းတို့မှာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်တွေ ရှိပါတယ်”

“အဟဲ ဒါမှတို့မေမေကွ”

“ဖုံဖုံ နင် အခုကတည်းက ဘယ်လိုဖြစ်နေတာလဲ၊ ဒီကောင်လေးကြည့်ရတာ သိပ်မဟန်ဘူးမေမေ၊ သူ ခြေငြိမ်မယ့်ပုံ မရှိဘူး”

“အေးလေ”

“မေမေပဲ လွတ်လွတ်လပ်လပ် ဆုံးဖြတ်ဆို၊ တက္ကသိုလ်ရောက်ရင် ကောင်မလေးရှာဖို့ တွေးထားတာ သားအမှားလားဗျာခ

“အေးပါ အေးပါ၊ မမှားပါဘူး၊ အခုလောလောဆယ်တော့ ကျောင်းစာပဲ ခေါင်းထဲထည့်ထားဦး”

"ဗိုဗို မေမေပြောတာ ကြားလား၊ အင်တာနက်ကဖေးသွားပြီး Chatting ထိုင်တာလည်း လျှော့၊ အပေါင်းအသင်းတွေနဲ့ ညသန်းခေါင် လက်ဖက်ရည်ဆိုင်ထိုင်တာ၊ ဘောလုံးပွဲကြည့်တာတွေလည်း လျှော့၊ စာမေးပွဲက ကပ်လာတော့မှာ"

"မမက သိပ်ဆရာမကြီးလုပ်တာပဲ"

"ဟဲ့ . . . သားလေး ကိုယ့်အစ်မကို အဲ့လိုမပြောရဘူးလေ"

"ငါက စေတနာနဲ့ သတိပေးတာ"

ဗိုဗိုက မျက်နှာရှုံ့ပြသည်။

"မေမေက မဆုံးမရဘူး၊ သူပဲဆုံးမနေတယ်"

နှုတ်ကနေ ပွစိပွစိ ရေရွတ်နေသဖြင့်

"ဆုံးမတယ်ဆိုတာ အလကားမဟုတ်ဘူးဟဲ့၊ အဆုံးထိ မရတဲ့သဘော၊ နေရင်းထိုင်ရင်း လေကုန်ခံပြောတာမဟုတ်ဘူး၊ နားလည်လား"

"ကဲ ကဲ စကားနိုင်မလုနဲ့တော့၊ တော်ပြီ ဒီနေ့ကစပြီး မင်းတို့မောင်နှမ နှစ်ယောက်လုံး ဘာကိစ္စပဲရှိရှိ မေမေ့ကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောတိုင်ပင်ရမယ်၊ ဟုတ်ပြီလား၊ ဘာမှ လျှို့ဝှက်မထားကြေးနော်၊ ဒါပဲ"

မေမေက လက်ဝါးဖြန့်လိုက်ရာ စောင်းသံနှင့် ဗိုသံက ဖျတ်ခနဲ လက်ပေါ်ရိုက်ကာ ကတိပေး လက်ရိုက်လိုက်ကြပါသည်။

သူတို့မိသားစုရဲ့ လက်ဖက်ဝိုင်းလေးမှာ ပျော်ရွှင်စရာ ညံစီနေပါသည်။

"မေမေ ထပြေးဦးမယ်မကြံနဲ့နော်၊ ဖေဖေ ရည်းစားစကား ဘယ်အချိန်ပြောသလဲဆိုတာ မေမေ မဖြေရသေးဘူးလေ"

ဗိုဗိုက ထထွက်ဟန်ပြင်သည့် မေမေ့ကို သတိတရ ပြန်မေးလိုက်သည်။

“သြော် အဲဒါလေးများ၊ သီတင်းကျွတ်လပြည့်ည အိမ်ရှေ့မှာ ဖယောင်းတိုင်လေးတွေ အတူတူထွန်းရင်းပြောတာ”

“တကယ်”

“မရှုပါရေ ကျွန်တော်တို့ လက်ထပ်ရအောင်တဲ့”

“ဟာ ချစ်တယ်လို့ပြောတာ မဟုတ်ဘူးလား”

“သြော် အတူတူပဲပေ့ါ၊ လက်ထပ်ပါရစေဆိုမှ ပြီးပြီပေ့ါ၊ တော်ပြီ ဒါပဲ ထပ်မမေးနဲ့တော့၊ ငါသွားမယ်”

မေမေက ဗုံဗုံ အတင်းဆွဲထားတဲ့ကြားထဲက ဂရန်တာလေးကနေ အိမ်ထဲသို့ လှစ်ခနဲ ဝင်ပြေးလေသည်။

× × ×